# မြန်မာစာအဖွဲ့ဥပဒေ

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း ---- ---- ---- ---- | ၁၄၁ |
| ၂ | အခန်း (၁) ---- ---- ---- ----<br>အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁၄၂ |
| ၃ | အခန်း(၂) ---- ---- ---- ----<br>ဖွဲ့စည်းခြင်းနှင့် ရည်ရွယ်ချက် | ၁၄၃ |
| ၄ | အခန်း (၃) ---- ---- ---- ----<br>အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၁၄၅ |
| ၅ | အခန်း (၄) ---- ---- ---- ----<br>အဖွဲ့၏ ဘဏ္ဍာရေးစည်းကမ်း | ၁၄၇ |
| ၆ | အခန်း (၅) ---- ---- ---- ----<br>အထွေထွေ | ၁၄၈ |

# မြန်မာစာအဖွဲ့ ဥပဒေ

[ ၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၁ ]

## နိဒါန်း

မြန်မာစာရေးသားရာတွင် မြန်မာ ဗျည်း သရ အက္ခရာ၊ မြန်မာဝေါဟာရတို့၏ စာလုံးပေါင်း သတ်ပုံ၊ အနက်အဓိပ္ပာယ်၊ အသံထွက်၊ သဒ္ဒါနှင့်ဝါကျဖွဲ့ထုံးတို့ ထုံးမီစံမျှ မှန်ကန်တိကျရေး၊ အမွန်ရှည်စွာ တည်တံ့ရေးနှင့် မြန်မာစာ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပိုမိုထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာစာအဖွဲ့ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အဖွဲ့ဆိုသည်မှာ ဗဟိုတွင် ဖွဲ့စည်းထားသော မြန်မာစာအဖွဲ့ကို ဆိုသည်။

# အခန်း (၂)

## ဖွဲ့စည်းခြင်းနှင့် ရည်ရွယ်ချက်

၃။ (က) ဝန်ကြီးအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များပါဝင်သော အဖွဲ့ကို ဖွဲ့စည်းရမည်—

(၁) ဝန်ကြီး၊ ပညာရေး ဝန်ကြီးဌာန၊

(၂) ဒုတိယဝန်ကြီး၊ ပညာရေး ဝန်ကြီးဌာန၊

(၃) ညွှန်ကြားရေးမှူးချုပ်၊ မြန်မာစာအဖွဲ့၊

(၄) ညွှန်ကြားရေးမှူးချုပ်၊ ယဉ်ကျေးမှုဗိမာန် ဦးစီးဌာန၊

(၅) ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသန ဦးစီးဌာန၊

(၆) ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံသမိုင်းသုတေသန ဦးစီးဌာန၊

(၇) ညွှန်ကြားရေးမှူးချုပ်၊ အထက်တန်းပညာ ဦးစီးဌာန၊

(၈) ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန၊

(၉) ညွှန်ကြားရေးမှူး၊ ပညာရေးသုတေသနအဖွဲ့၊

(၁၀) ပါမောက္ခ သို့မဟုတ် ဌာနမှူး၊ မြန်မာစာဌာန၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ရန်ကုန်၊

(၁၁) ပါမောက္ခ သို့မဟုတ် ဌာနမှူး၊ မြန်မာစာဌာန၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ မန္တလေး၊

(၁၂) ပါမောက္ခ သို့မဟုတ် ဌာနမှူး၊ အရှေ့တိုင်းပညာဌာန၊ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ မန္တလေး၊

(၁၃) အတွင်းရေးမှူးနှင့် တွဲဖက် အတွင်းရေးမှူးများ၊ မြန်မာစာအဖွဲ့၊

(၁၄) ဝန်ကြီးအဖွဲ့က ခန့်ထားသည့် သင့်လျော်သော နိုင်ငံသားများ။

(ခ) ဝန်ကြီးအဖွဲ့သည် ပညာရေးဝန်ကြီးဌာနဝန်ကြီးကို ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာစာ အဖွဲ့ကို ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း တာဝန်ပေး ရမည်၊

(ဂ) ပုဒ်မခွဲ(က) အပိုဒ် (၁၄) အရ ခန့်ထားသည့် အဖွဲ့ဝင် များ၏ ဦးရေနှင့် ယင်းတို့၏သက်တမ်းကို ဝန်ကြီးအဖွဲ့က သတ်မှတ်ပေးရမည်၊

(ဃ) အဖွဲ့သည် ပညာရေးဝန်ကြီးဌာနကို တာဝန်ခံရမည်။

၄။ အဖွဲ့ကို အောက်ပါ ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းထားရှိသည် —

(က) မြန်မာ ဗျည်းသရ အက္ခရာ၊ မြန်မာဝေါဟာရတို့၏ စာလုံး ပေါင်းသတ်ပုံ၊ အနက်အဓိပ္ပာယ်၊ အသံထွက်၊ သဒ္ဒါနှင့် ဝါကျဖွဲ့ထုံးတို့ ထုံးဓိစံမျှ မှန်ကန်တိကျစေရန်နှင့် အစွန့် ရှည်စွာ တည်တံ့စေရန်၊

(ခ) မြန်မာစာ ဖွံ့ဖြိုးဝိုးတက်စေရန်။

# အခန်း (၃)

## အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ အဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ဝေါဟာရ ပြည့်စုံသော၊ စာလုံးပေါင်း သတ်ပုံ အရေး၌ ထုံးမိစံမျှ ဖြစ်သော၊ အနက်အဓိပ္ပာယ် မှန်ကန်တိကျသော အကိုးအထောက် ခိုင်မာစုံလင်သော၊ ခေတ်မီစနစ်ကျသော မြန်မာအဘိဓာန်ကျမ်းများ ပြုစုခြင်း၊

(ခ) မြန်မာစာအရေးအသား မှန်ကန်မှု၊ ရှင်းလင်းမှု၊ ကျစ်လစ်မှု၊ ထိမိမှုကို အထောက်အကူဖြစ်စေနိုင်မည့် မြန်မာသဒ္ဒါကျမ်းများ ပြုစုခြင်း။

၆။ အဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) လိုအပ်သောအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(ခ) မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ နိုင်ငံတော်၏ အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ပူးပေါင်း၍ လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဂ) ပုဂ္ဂလိကပိုင် စာအုပ်များ၊ စာမူများကို လိုအပ်သည့်အခါ မူပိုင်ဝယ်ယူ၍ အသုံးပြုခြင်း၊

(ဃ) မည်သူ့အားမဆို သင့်လျော်သည့် ညာဏ်ပူဇော်ခ ချီးမြှင့်၍ စာအုပ်စာတမ်း ပြုစုစေခြင်း၊

(င) အဖွဲ့၏ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေခြင်းငှာ ဝန်ကြီးအဖွဲ့က လိုအပ်သလို အပ်နှင်းသော အခြားလုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခြင်း။

၇။ အဖွဲ့က ပြုစုထုတ်ဝေသော စာအုပ်စာတမ်းများသည် နိုင်ငံတော်၏မူပိုင် ဖြစ်သည်။

## အခန်း (၄)

## အဖွဲ့၏ ဘဏ္ဍာရေးစည်းကမ်း

၈။ အဖွဲ့၏ ဝင်ငွေ ထွက်ငွေများနှင့် စပ်လျဉ်း၍ ရ-သုံးခန့်မှန်းခြေ ငွေစာရင်းကို ပညာရေးဝန်ကြီးဌာနသို့ တင်သွင်းရမည်။

၉။ အဖွဲ့သည် ဝန်ကြီးအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်သည့် ဘဏ္ဍာရေးစည်းမျဉ်းများကို လိုက်နာကျင့်သုံးရမည်။

# အခန်း (၅)

## အထွေထွေ

၁၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ လိုအပ်သည့်စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးအဖွဲ့က လိုအပ်သလို ထုတ်ပြန်နိုင်သည်။

၁၁။ (က) ၁၉၇၁ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ မြန်မာစာကော်မီရှင်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာစာကော်မီရှင်သည် မြန်မာစာအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ပြီးသည်အထိ ၁၉၇၁ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ မြန်မာစာကော်မီရှင်ဥပဒေ အတည်ဖြစ်နေဘိသကဲ့သို့ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်၊

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာစာကော်မီရှင်၏ရပိုင်ခွင့်၊ ကြွေးမြီတာဝန်နှင့် လုပ်ငန်းများကို ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာစာအဖွဲ့က ဆက်ခံရမည်။